ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ

စာအမှတ်၊ ၄၃၁၉(၃၅၈၆)/ ၁၄-၀၃/ ဦး ၄

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

သို့

သတင်းပို့အဖွဲ့အစည်းများအားလုံး

အကြောင်းအရာ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၃၉၇/၂၀၁၇ အရ ထုတ်ပြန်ထားသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်ရန်ကိစ္စ

ရည်ညွှန်းချက် ။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၂-၂-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၂၆၄၅(၁)/ ၁၀-၁-၃ (က)/ ဦး ၄

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၂၅၀ /၂၀၁၆ နှင့် ဆက်စပ်ဆုံးဖြတ်ချက်များအရ ထုတ်ပြန်ထားသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်မိန့်အား ရည်ညွှန်းပါအမိန့်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ ၂၂-၁၂-၂၀၁၇ ရက်တွင် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၃၉၇/ ၂၀၁၇ ပါ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားသော သို့မဟုတ် ဆက်နွယ်သော ငွေကြေးများနှင့်ပစ္စည်းများကို ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ သိမ်းဆည်းရန် ညွှန်ကြားလိုက်သည်။

၃။ သို့ဖြစ်ပါ၍ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၃၉၇ / ၂၀၁၇ ပါ လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်ထားသော သို့မဟုတ် ဆက်နွယ်သောငွေကြေးများနှင့်ပစ္စည်းများကို တွေ့ရှိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ အလျင်အမြန်တင်ပြရန် အကြောင်းကြားသည်။

ပူးတွဲပါ- ( ၁၂ ) ရွက်

ဥက္ကဋ္ဌ

(ရဲမှူးချုပ်ကျော်ဝင်းသိန်း)

မိတ္တူကို

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (သတင်းပို့အဖွဲ့အစည်းများသို့ ဖြန့်ဝေပေးနိုင်ပါရန်နှင့် အင်တာနက်စာမျက်နှာများတွင် ထည့်သွင်းဖော်ပြပေးနိုင်ပါရန်)၊

မျှောစာတွဲ/ လက်ခံစာတွဲ